# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၃၄)၊ ဇူလိုင် ၁၁ ရက်၊ ၂၀၁၇


## စီမံကိန်းများဆောင်ရွက်ရာတွင် တိုင်းအစိုးရ အဖွဲ့ ပွင့်လင်းမြင်သာမှု အားနည်း၍ မန္တလေး တိုင်းဒေသကြီးလွှတ်တော်တွင် မေးခွန်းထုတ်

**ဇူလိုင် ၅၊ ၂၀၁၇**

ဒုတိယအကြိမ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချစ်ကိုကို(ပြည်ကြီးတံခွန်-၁)က မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်အနေနှင့်သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

ယင်းစီမံကိန်းများ ဆောင်ရွက်ရာတွင် တိုင်းအစိုးရအဖွဲ့သည် ပွင့်လင်းမြင်သာမှုအားနည်းနေပြီး မည်သူက၊ မည်သည့်စနစ်များဖြင့် မည်သည့်စီမံကိန်း၊ မည်မျှကို ဆောင်ရွက်နေကြောင်းနှင့် နိုင်ငံခြားမှ ပံ့ပိုးငွေမည်မျှရရှိထားသည်၊ ချေးငွေမည်မျှ ချေးယူထားသည်စသည် မသိရသည့်အတွက် ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

အစိုးရသစ်က စတင်စီမံခန့်ခွဲရသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားချေးငွေ၊ ပံ့ပိုးငွေများဖြင့် အကောင်ထည်ဖော်မည့် စီမံကိန်း ၃၀ ရှိကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက ဖြေကြားသည်။

ယင်းလုပ်ငန်းများတွင် ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပံ့ပိုးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများဟူ၍ နှစ်မျိုးပိုင်းခြားထားကာ ပံ့ပိုးငွေကျပ် သန်း (၄၀၀၀၇ ဒသမ ၉၈၅)ဖြင့် ဆောင်ရွက်နေကြောင်း အစည်းအဝေးမှ သိရသည်။

**ကိုးကား-** The Voice Daily

## ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆွေးနွေးပွဲပြုလုပ်မည်

**ဇွန် ၃၀၊ ၂၀၁၇**




ရေချိုငါးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ရေလုပ်သားများပါဝင်မည့် ခရိုင်အလိုက် ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဟု ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဒီဗွီဘီကို ပြောသည်။

"တိုင်းအစိုးရအနေနဲ့ လွှတ်တော်မှာ ရေချိုငါးလုပ်ငန်းဥပဒေသစ် တင်သွင်းထားပါတယ်။ အဲဒီဥပဒေသစ်မှာ အရင်ဥပဒေဟောင်းမှာမပါရှိတဲ့ ရေလုပ်သားငယ်တွေအတွက်လည်း ထည့်သွင်းရေးဆွဲထားတာပါ။ မနှစ်ကတော့ ရေလုပ်သားငယ်အစုအဖွဲ့တွေအတွက် အစုအဖွဲ့ပိုင်အင်းပေါင်း ၂၀၉ အင်း ချထားပေးခဲ့ပြီး ဒီနှစ်မှာတော့ သိန်း ၄၀ အောက်စပါး၊ ငါးပြသနာတက်နေတဲ့ အင်းပေါင်း ၆၀၀ အထိပေးဖို့ စီစဉ်နေတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းကပြောသည်။

ရေလုပ်သားငယ်များကို အင်းများချထားပေးခြင်းနှင့်ပတ်သက်ပြီး အင်းသားကြီးများက ကန့်ကွက်နေကြပြီး အသစ်ပြဋ္ဌာန်းမည့် ရေချိုငါးလုပ်ငန်းဥပဒေကိုလည်း ကန့်ကွက်နေကြသည်။

ထို့ကြောင့် ဥပဒေသစ်ကို လွှတ်တော်တွင်ဆွေးနွေးခြင်းမပြုလုပ်မီ ရေလုပ်သားငယ်အစုအဖွဲ့များ၊ အင်းသားကြီးများပါဝင်မည့် ခရိုင်အလိုက် ဆွေးနွေးပွဲများပြုလုပ်မည်ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။ ဆွေးနွေးပွဲမှရရှိလာသည့် အချက်အလက်များအရ လွှတ်တော်တွင်ဆွေးနွေးပြီး ဥပဒေအတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

**(ကိုးကား-ဒီဗွီဘီ)**

# ဝန်ကြီးအချို့အဖြေများ မေးခွန်းနှင့်မကိုက်ညီဟု မန္တလေးတိုင်းလွှတ်တော် အစီရင်ခံစာဖော်ပြ

ဇူလိုင် ၄၊ ၂၀၁၇

မန္တလေးတိုင်းလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့၊ ဇူလိုင် ၄ ရက်တွင် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီမှ လွှတ်တော်တစ်နှစ်ကျော်ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာတင်သွင်းခဲ့ရာ ယင်းအစီရင်ခံစာတွင် ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်းများနှင့် ဝန်ကြီးအချို့၏အဖြေများ ကိုက်ညီပြည့်စုံမှုမရှိဘဲ လိုအပ်ချက်များရှိကြောင်းနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် အချိန်မပါရှိဟု ဖော်ပြထားသည်။ ကော်မတီအဖွဲ့ဝင် ဒေါ်ငြိမ်းသက်နွယ်က "အမေး၊ အဖြေ ကိုက်ညီမှုမရှိတာတွေ၊ ပြည့်စုံစွာဖြေကြားပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးက ကြီးကြပ်ထိန်းညှိပေးဖို့ အကြံပြုတင်ပြပါတယ်"ဟု ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက "ကိုယ်စားလှယ်တစ်ယောက်က ရှေးဟောင်းဇုန်ဝင်ကြေး ဘယ်လောက်ရပြီး ဘယ်လိုပြန်သုံးနေလဲလို့ မေးတယ်။ အဲဒီဇုန်ဝင်ကြေးဆိုတာ တိုင်းအစိုးရက ၂ % ပဲရပြီး ပြည်ထောင်စုအစိုးရကပဲ စီမံခန့်ခွဲတော့ ဘယ်လိုပြန်ဖြေမလဲ၊ ကိုယ်စားလှယ်အချို့က ဌာနတစ်ခုရဲ့ ငွေကြေးသုံးစွဲတဲ့စနစ်ကို သေချာမသိဘဲ မေးတဲ့အခါမှာ အမေးနဲ့အဖြေမကိုက်ညီဘူး ဆိုတာမျိုး ဖြစ်လာနိုင်တာပေါ့"ဟု မီဒီယာများကို ပြောသည်။

တိုင်းလွှတ်တော် ကိုယ်စားလှယ်အချို့က တိုင်းဒေသကြီးနှင့်ပြည်ထောင်စုအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်အပေါ် မသဲကွဲခြင်း၊ အစိုးရဌာနအလိုက် ငွေကြေးသုံးစွဲမှုအပိုင်းကို သေချာနားမလည်ခြင်းကြောင့် ယခုလိုကွဲလွဲမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုသည်။

အစီရင်ခံစာကို ကန့်ကွက်သူမရှိသဖြင့် တညီတညွတ်တည်းအတွက် လွှတ်တော်က မှတ်တမ်းတင်လိုက်ကြောင်း သိရသည်။

**(ကိုးကား-ဧရာဝတီ)**

---

# တရားမဝင်ကျောက်မျက်ရှာဖွေသူများအား ရှင်းလင်းဖယ်ရှားရေး တပ်ကိုယ်စားလှယ်အဆို မဲခွဲဆုံးဖြတ်ရာ လက်မခံခဲ့

ဇွန် ၂၈၊ ၂၀၁၇

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်ဇင်သက်က ခန္တီးမြို့နယ် နန်စီပွန်ဒေသကိစ္စနှင့် ပတ်သက်သောအဆိုကို ဇွန် ၂၈ ရက်က ပြုလုပ်သော ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းပြီး လွှတ်တော်က လက်ခံရန်သင့်၊မသင့် မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်မဲ ၆၇ မဲ၊ ထောက်ခံမဲ ၂၃ မဲ၊ ကြားနေမဲ သုံးမဲဖြင့် အဆိုကို လွှတ်တော်က လက်မခံကြောင်း ဆုံးဖြတ်သည်။

ခန္တီးခရိုင်၊ ခန္တီးမြို့နယ် နန်စီပွန်ဒေသရှိ တရားမဝင် ကျောက်မျက်ရှာဖွေသူများအား ထိရောက်စွာ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆိုပါဒေသကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ(၁၄၄)အရ တားမြစ်မိန့်ထုတ်ပြန်ရန် တိုက်တွန်းကြောင်းအဆိုကို တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနိုင်ဇင်သက်က လွှတ်တော်သို့တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးသန်းက အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော် အဆုံးအဖြတ်ရယူရာ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေး (ခန္တီး-၁)က စတင်ကန့်ကွက်၍ ဆန္ဒမဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"လက်ရှိ ခန္တီးမြို့နယ် နန်စီပွန်ဒေသမှာ ပုဒ်မ(၁၄၃)ထုတ်ထားတာ ပုဒ်မ(၁၄၄)ထုတ်ဖို့မလိုပါဘူး၊ ပုဒ်မ(၁၄၄) ထုတ်လိုက်ရင် မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်လာနိုင်တဲ့အတွက် မလိုအပ်ဘူးလို့ ဆုံးဖြတ်ပြီး ကန့်ကွက်တာပါ။ ပုဒ်မ(၁၄၃) ထုတ်ထားတာတောင် အသေအပျောက်တွေရှိနေတာ ပုဒ်မ(၁၄၄)ထုတ်ရင် ပိုဆိုးလာမှာ စိုးရိမ်စရာပါ"ဟု ဦးမောင်တေးက ပြောကြားသည်။

**(ကိုးကား- ကြေးမုံ)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉-၂၆၁၆၅၄၀၄၅

www.emref.org

www.facebook.com/emrmyanmar



**သတင်း ဓာတ်ပုံ**

ဇူလိုင် ၁ ရက်နေ့ နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော် အဆောက်အအုံသစ် စတင်ဖွင့်လှစ်စဉ်။

**ကိုးကား-ဒီဗွီဘီ**

# တိုင်းနှင့်ပြည်နယ် လုံ/နယ်ဝန်ကြီး ခုနစ်ဦး ပြောင်းလဲမှုပြုလုပ်

**ဇွန် ၃၀၊ ၂၀၁၇**

တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်များမှ တပ်မတော်သားကိုယ်စားလှယ်များဖြစ်သော တိုင်းနှင့်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးခုနစ်ဦးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အကြောင်းကြားချက်အရ ဖော်ပြပါတပ်မတော်သားကိုယ်စားလှယ်များနှင့် အစားထိုးပြောင်းလဲကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇွန် ၂၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသည်။

| | | | | |
|---|---|---|---|---|
| ၁ | ကရင်ပြည်နယ်လွှတ်တော် | ကြည်း ၁၈၆၃၇<br>ဗိုလ်မှူးကြီးအောင်လွင် | အစား | ကြည်း ၂၂၆၁၇<br>ဗိုလ်မှူးကြီး မျိုးမင်းနောင် |
| ၂ | ချင်းပြည်နယ်လွှတ်တော် | ကြည်း ၂၁၁၂၃<br>ဗိုလ်မှူးကြီးကျော်ကျော် | အစား | ကြည်း ၂၅၉၉၅<br>ဗိုလ်မှူးကြီးဟန်ဝင်းအောင် |
| ၃ | မကွေးတိုင်းဒေသကြီးလွှတ်တော် | ကြည်း ၂၀၅၉၅<br>ဗိုလ်မှူးကြီး နိုင်ဦး | အစား | ကြည်း ၂၀၈၂၅<br>ဗိုလ်မှူးကြီးမင်းဦး |
| ၄ | မန္တလေးတိုင်းဒေသကြီးလွှတ်တော် | ကြည်း ၂၁၆၅၈<br>ဗိုလ်မှူးကြီး မျိုးမင်းအောင် | အစား | ကြည်း ၂၆၁၀၉<br>ဗိုလ်မှူးကြီးကျော်ကျော်မင်း |
| ၅ | ရခိုင်ပြည်နယ်လွှတ်တော် | ကြည်း ၁၇၅၁၇<br>ဗိုလ်မှူးကြီး ထိန်လင်း | အစား | ကြည်း ၂၂၆၆၆<br>ဗိုလ်မှူးကြီးဖုန်းတင့် |
| ၆ | ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် | ကြည်း ၂၀၆၈၂<br>ဗိုလ်မှူးကြီး တင်အောင်ထွန်း | အစား | ကြည်း ၂၇၁၈၉<br>ဗိုလ်မှူးကြီးအောင်စိုးမိုး |
| ၇ | ရှမ်းပြည်နယ်လွှတ်တော် | ကြည်း ၁၉၇၂၉<br>ဗိုလ်မှူးကြီးစိုးမိုးအောင် | အစား | ကြည်း ၂၃၉၁၁<br>ဗိုလ်မှူးကြီးနိုင်ဝင်းအောင် |

**ကိုးကား-UEC/ ရေဝတီ**

# သတင်းတို

● စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များသည် ဇူလိုင်လ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ ရောက်ရှိခဲ့ကြပြီး ရန်ကုန်တိုင်းလွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် လွှတ်တော်အခွင့်ရေးဆိုင်ရာ ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ကတိကဝတ်ဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

**ကိုးကား- Soe Win Tun MP facebook**

● ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဇူလိုင် ၃ ရက်နေ့တွင် ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာစနစ်တကျထုတ်လုပ် သုံးစွဲရေး ဥပဒေနှင့် အစည်းအဝေး သတ္တမနေ့ ဇူလိုင် ၄ ရက်တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့ကို အတည်ပြုခဲ့သည်။

**ကိုးကား-မကွေးတိုင်းဒေသကြီးလွှတ်တော် ဖေ့စ်ဘွတ်ခ်**

● ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဇူလိုင်လ ၆ ရက်တွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်(ပန်းတောင်း-၁) က "ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများအား BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီကြီးများအား စစ်ဆေးကြပ်မတ် ကွပ်ကဲပေးရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း"အဆိုတင်သွင်းရာ အဆိုရှင်၏ သဘောဆန္ဒအရ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် လွှတ်တော်၏ သဘောထားရယူခဲ့ပြီး အစည်းအဝေးတက်ရောက်သူ(၆၂)ဦးတွင် ထောက်ခံ မဲ(၅၄)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၄)မဲအရ ယင်းအဆိုကို အတည်ပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-Bago Region Hluttaw Facebook**